
ဝိုးဝေပြည့်
ဖျား၏
ကရုဏာကြီး
ပါဝင်သော
မုန့်တိုင်းကိုမှုတ်သောက်တဲ့လ



အခန်း [ ၁ ]
ဟော့ကောင် ဒို့ကို ကြည့်စမ်း...
မျက်လုံးနှစ်လုံးကို ဘေးယူဖွင့်ကြည့်လိုက်တော့ သိန်းဇော်ကြည် ရဲ့လက်သီးကြီးက သူ့မေးရိုးဆီတန်းခနဲ..


အခုကျတော့လည်း မင်းက သနားဖို့ကောင်း နေပြန်ရော.....ပါမင်းကို ပေးခဲ့တဲ့ အချိန်က မနည်းဘူး ပွကြီး ...
မင်း...ငါ့ကို ပြန်မဆပ် နိုင်တာ မင်းညံ့လို့ပဲပေါ့...
ကျုပ်ကို အချိန်နည်းနည်း ထပ်ပေးပါ...
မင်းတော်တော် ကြောင်တာပဲ....မင်းကို ငါ့ အချိန်လုံလုံလောက်လောက် ပေးခဲ့တယ်လေ...မင်းလက် ထဲမှာလည်း လုံလောက်တဲ့ ငွေကြေးပမာဏ ရှိနေခဲ့ တာပဲ...
မင်း ဘာသာ မင်းသုံးဖြုန်း ပစ်လိုက်တာ လေ...
ပွကြီး ... ပွကြီး ...မင်းတော် တော်မရှုယ်တဲ့ ကောင်ပဲ.... ငါက မင်းကိုသေမှာကိုကြောက် တတ်လိမ့်မယ်ထင်ထားတာ... မင်းက မကြောက်ဘူးတဲ့.... အဲဒီတော့လည်း မင်းဆန္ဒကို
ဖြည့်ဆည်း ပေးရမှာ ပေါ့...


သိန်းရွှေကြည် ဓားနှင့် လည်ပင်းကို တွေ့ရင်း....
ကျုပ်ကို သတ်ရင် ခင်များပိုက်ဆံတွေ အားလုံး ဆုံးမှာပဲ...
တော့တာ ပွဲကြီး လူရှင်းကြီးကို ရှင်းရတာ စိတ်တော့ မကောင်းဘူးပေါ့... ဒါပေမဲ့လည်း မတတ်နိုင်ဘူးကွာ ကဲ နောက်ဆုံးအနေနဲ့... မင်းဘာပြောချင်သေးလဲ



မချောက်နဲ့ ပွကြီး ဒီက ချောက်တိုင်း မကြောက်ဘူး...
ကျုပ် တကယ် ပြောနေတာ ခင်များပိုက်ဆံတွေ ပြန်လိုချင်ရင် ကျုပ်ပြန်ဆပ် နိုင်တယ်.....ကျုပ်ကိုအချိန်တော့ နည်းနည်းထပ်ပေး...
သိန်းစွန့်ကြည် က ဓားကိုထောက်ထားရာမှ ပြန်ရုတ်လိုက်သည်...
ကောင်းပြီ မင်းကို နောက်ဆုံးအနေနဲ့ ဒီ ပြန်လွှတ်ပေးလိုက်မယ်... မင်းထွက်ပြေးဖို့မကြိုးစားနဲ့နော် ငါဘာကောင်လဲဆိုတာမင်း သိတယ်...
မင်း ပြောတဲ့စကား မင်းတည်ပါ စေ....
သိန်းစွန့်ကြည် ၏ အချက် ပြမှုကြောင့် တပည့်ဖြစ်သူ တွေက ပွကြီး ကို ကြိုးဖြည်ပေးလိုက်သည်...
မင်းကို အချိန်တစ်လ ပေးမယ်... ငွေပိုက်ဆံတွေ ပြန်ရှာခဲ့...


ပွဲကြီး ထိုင်ခုံမှ ဆတ်ခနဲ အထ သိန်းရွှေကြည်၏ တပည့်တွေဝိုင်း လာသည်...
ဟိုး....ဟိုး... မင်းတို့ဆရာကို ဩ ဘာမှမလုပ် ပါဘူး...
သိန်းရွှေကြည် တစ်လ ဟုတ်လား.... ခင်များလာနောက်နေတယ် ထင်တယ် ခင်များ သိပါတယ်...
တစ်လအတွင်းမှာ ထောင့်ပါးရောကို ကျော် ဘယ်လို ရှာမလဲ.... နည်းနည်းတော့ အချိန် ထပ်ပေးဦးမှာ....
တစ်လပဲရမယ် ပွဲကြီး အချိန်လောက်တာ မလောက်တာမင်းအပိုင်းပဲ မင်းကို အခုလိုအချိန်ထပ် ပေးတာပဲ လွန်လှပြီ...
နောက်တစ်လ ကြာရင် ဒီမြေအောက် ခန်းလေးမှာ ပြန်ဆုံ ကြတာပေါ့...
မင်း ရွေးရမှာက ဟိုဆိုဖာပေါ်မှာ ထိုင်မှာလား.... ဒီကုလားထိုင်ပေါ်မှာ ထိုင်မှာလား.... ဆိုတာပဲ.... သွားပြီ... ကိုယ့်လူ...
စကား ဆုံးသည် နှင့် သိန်းရွှေကြည် နှင့် တပည့် ဖြစ်သူတွေ ထွက်သွား ကြတော့၏...


ပျှပြင်း ပါးစပ်ထဲထည့် နေသည့် ကြာဇံကြော်ကို ပြန်ချရင်း....
လာပြီ... လာပြီ....
ဟာ လာပါ ဗြိဆို
ချောင်းကြည့်ပေါက်မှကြည့်လိုက်ရင်းလက်ကလည်းအာ လိုလိုတံခါးကို ဖွင့်လျက်သားဖြစ်သွားသည်..


ဟာ... မှုကြီး ...မင်း ဘာဖြစ်လာ တာလဲ
မှုပြင်း အမေးကို မဖြေဘဲအပေါ်ထပ်ကို တောက်လျှောက် တက်တော့ မှုပြင်းနောက်က ကပ်လိုက်ရင်း တဖွဖွ မေးသည်...
အထိုး ခံရတာလေ... မင်းမြင်တဲ့ အတိုင်းပဲ...
မှုကြီး...မင်း ဘာဖြစ်လာတာလဲ ပိုကို ပြောဦး လေကွာ...



အခန်းထဲရောက်တော့ ခုတင်ပေါ် တက်......လှဲလိုက်သည့်.... မှုပြင်း ကခုံတစ်လုံးဆွဲကာ သူ့ဘေးနားမှာ ထိုင်ချရင်း..
မင်းကိုဘယ်သူ ထိုးတာလဲ ပြောစမ်းပါကွာ ငါသိချင်လွန်းလို့ တစ်ပိုင်း သေနေပြီ...
ဟေ့ကောင် မှုကြီး... ပြောလေကွာ...
မှုပြင်း ငါအရမ်း ပင်ပန်းနေတယ်ကွာ အထိလည်း နာနေတယ် အဲဒီတော့ မနက်ကျမှ ပြောကွာ..
မရဘူး မှုကြီး မင်းအခုမပြောရင် မင်းတစ်ညလုံးနားရ လိမ့်မယ်... မထင် နဲ့..
ဟာ..


ပှုပြင်းက ဒီလိုဆိုလာတော့
တစ်ခဏဆိုလျှင် အရမ်း
ချစ်သော သူ့အဖို့
စိတ်နဲ့ကိုယ် နဲ့ တစ်ထပ်
တည်း ညှစ်သွားရတော့၏
ပှုပြင်းဟာ သူ့လို ပဲ
တစ်ရွတ်ထိုး တစ်စောက်
ကန်းသမား
ပြောရင် ပြောတဲ့အတိုင်း
လုပ်တတ်တာမို့
သူ့စိတ်ကိုလျှော့ချလိုက်ရင်း..
ဒါ သိန်းရွှေကြည် ရဲ့ အလစ်တိုက်တာကို ခံလိုက်ရတယ်..
ဘာ သိန်း......သိန်းရွှေကြည် ကဒီပြန်ရောက်နေပြီ...
ဟုတ်တယ်
ဟာ ဒါဆို မင်းယူထားတဲ့ ပိုက်ဆံတွေကြောင့် မင်းကို သူပညာပေး လိုက်တာပေါ့ ဟုတ်လား...
မင်းဆီကို ဒါ ပြန်လာနိုင်တာပဲ သူ့ကို ကျေးဇူး တင်ရဦးမှာ..


ဘာရယ်
သူက ငါ့ကို သတ်မလို့တောင် စီစဉ်ပြီးပြီ....ပါအချိန် ဆွဲလိုက်လို့သာ ပြန်လွှတ်လာတာ...
ဟာ ဦးလေးကြီးက တကယ့် ဘီလူးပဲ ဒါနဲ့ မင်းကဘာလို့ အချိန်ဆွဲလာတာလဲ
အကြွေး ဆပ်ဖို့ အချိန်ပေါ့
ဘယ်လောက် ပေးလဲ...
တစ်လ
ဒါနဲ့ ဘယ်လောက် ဆပ်ရမှာလဲ
ထောင့်ငါးရာ
မှုပြင်း မျက်လုံးပြူး မျက်ဆံပြူးနှင့် ဘာမှမပြောနိုင်ဘဲ ငြိမ်သက်သွားလေသည်...

# အခန်း [၂]

သူ့ဘဝ ပျက်စီးခဲ့တာ
သူ့ ဆယ်နှစ်သား
ကတည်းကဖြစ်သည်..
မွေးကတည်းက
အဖေ အမေ
မရှိခဲ့သည့် သူ့ကို
ဦးလေးက
စောင့်ရှောက်ခဲ့သည်...





သူ့ဦးလေးက တော်ပါသည်ကိုယ့်ဒူးကိုချွန်ရင်း ကုမ္ပဏီကြီး တစ်ခုကို ပေါက်ပေါက်မြောက်မြောက်ဖြစ်အောင်....တည် ထောင်နိုင်ခဲ့သည်...



သူ့ဦးလေးက တော်သလောက်သူကတော့ ဆိုးသည်...
လုပ်ချင်တာ လုပ်သည်..

သူတစ်ဆယ်ခြောက်နှစ်သားမှာ
သူ့ဦးလေးအက်ဆီးဒင့် တစ်ခု နှင့်
တိမ်းပါးသွားပြန်သည်....






တကယ်တမ်းကျတော့ သူ့ဦးလေးက
ကုမ္ပဏီကိုသူ့အတွက်ထားပေးပြီးသားဖြစ်သည်....သို့သော် ကလေးသာသာရှိသည့် သူ့အတွက် ဘာမှမလုပ်တတ်ပါ...တန် ဖိုးရှိ၍တန်ဖိုးထားရမှန်းလည်း သူမသိခဲ့...အားလုံး သိန်းရွှေကြည် လက်ထဲကိုသာ အပ် ခဲ့သည်..




ကြာတော့လူယုံကဖောက်
လာပြီး မောင်ပိုင် စီးတော့
သည့်ဒါကိုလည်း နာရမှန်း
သူ....မသိခဲ့.....ဘေးလူတွေ
မခံ မရပ်နိုင်လာပြောတော့မှ
သူ့အတွက်....
အနာဂတ် မရှိတော့မှန်း
သိသည်...
သူ့ပြသနာရှာတော့လည်း သိန်းရွှေကြည်က
လွယ်လွယ်ပင် သူ့လိုသလောက်ငွေတွေပေး
သည်....သူကလည်း လွယ်လွယ်ပဲယူခဲ့ကာ
သုံးချင်သလိုသုံးဖြုန်းချင်သလို ဖြုန်းပြီးလို
တိုင်းလက်ဖြန့်တောင်းခဲ့သည်..
ဒါပေမဲ့ သိပ်ကြာကြာမခံလိုက်ပါ....သိန်းရွှေကြည်
ကအသုံးစရိတ်တွေ များနေပြီဟုဆိုကာ ချုပ်တော့
သည်...လုပ်ချင်သလို လုပ်ခွင့်ရခဲ့သည်...
လူတစ်ယောက်အဖို့ ကျစ်ကျစ်လစ်လစ်နေဖို့က
မဖြစ်နိုင်သည့်ကိစ္စဟု သူထင်ပါသည်...


ထို့ကြောင့် သူ့ဘိန်းစျွှဲကြည်ကြည့် ဆီသွားပြီး နောက်ဆုံးအနေနှင့်
ကူညီသည့် အနေဖြင့် ပိုက်ဆံချေးပါဟု အကူအညီတောင်းခဲ့
၏...ဘိန်းစျွှဲကြည်ကြည်က မယုံပေမယ့်ချေးခဲ့ပါသည်...ပြန်ဆပ်
ဖို့လည်းပြောသည်.....သူကလည်းလွယ်လွယ်ပင်ခေါင်းညိတ်
ခဲ့သည် ။
ထို့နောက် ထုံးစံအတိုင်း
လုပ်ချင်တာလုပ်သည်....သောင်း
ကစားဝိုင်းတွေသွားသည်....သူ့
ငယ်ချင်းတွေ နှင့်ပျော်ပါးပစ်သည်.
ပိုက်ဆံက ကုန်ပြန်သည်...
သို့သော် တစ်ခါတစ်ခါ သူဟိုစပ်စပ်သည့်စပ်စပ်နှင့်ပွဲစားလုပ်
လျှင်တော့ ပိုက်ဆံကပြန်ပေါ်လာတတ်သည်...ဒါ....သူ့
ဆယ့်ကိုးနှစ်သားအရွယ်ဘဝ ကျင်လည်မှု...


သိန်းရွှေကြည်ဆီက ယူထားသည့်ပိုက်ဆံကို မဆင်ဖြစ်ဘဲ ကိုယ်ကျိုးအတွက်သုံးဖြစ်ခဲ့တာ ယနေ့အထိ ကြာလာတော့ အတိုးနှင့်အရင်းပါပေါင်းရင်း အကြွေးတွေကတက်လာသည်...
ဒီကြားထဲမှာမှ သိန်းရွှေကြည် ဧည့်ဖျင်းမှုကြောင့် ကုမ္ပဏီကအရှုံးပေါ်တော့ တစ်ခြားသူ့လက်ထဲ အပ်လိုက်ရသည်....သို့သော် သိန်းရွှေကြည် က အထည်ကြီးပျက်ကြော့ကြော့မော့မော့နှင့်နေတုန်း စားတုန်းဖြစ်သည်..
ရှယ်ကြီးက...
ရှယ်ကြီးက...
ပိုက်ဆံ အခြေအနေသိပ်မတန်တော့ သူ့ဘက်ကိုအရှုံးတွေကစလာသည်...အကြွေးကိုမရမက ပြန်တောင်းတာ...ယခုအခြေအနေထိ ကို ဖြစ်လေသည်..


သူက လုပ်ချင်တာသာ
လုပ်တတ်ပေမယ့်
သူ့အလုပ်မှာတော့
မှန်သည် ထန်သည်
ပြတ်သည်...
အမျိုးသမီးတွေဆိုလျှင်
သူ့ကို ရောချင်
နှောချင်ကြသည်...
သူစပ်ပေးသည့်ကားကိုမှ
စီးချင်ကြသည်..
မှန်ရာဝန်ခံလျှင် မိန်းကလေး အတော်များများ
နှင့်လည်း သူ ရည်စားဖြစ်ဖူးသည်...
အဆင့်တော့ မကျော်ပါ....
မနာလိုသည့်လူတွေကတော့ သူ့ကိုရုပ်ကလေး
မန်းပြစားသည်ဟု ခေါင်းစဉ်တတ်မြဲ.....သို့
သော်ကိုယ့်ကိုယ်ကို လေးစားဖို့ကအဓိက...


ဘယ်လိုလဲ ပွဲကြီး မင်းဒီလိုပဲ အိပ်နေတော့မှာလား အကြွေးဆပ်ရဦးမယ် ဆို...
ဒီနေ့ပါနဲ့မှ ငါနားတာ နှစ်ရက်ပဲ ရှိသေးတယ် ပွဲပြင်း မင်းဘာတွေလော.. နေတာလဲ...
ဟာ...ဘာကို လောရမှာလဲ... အန္တရာယ်ရှိနေတာ မင်းလေ....အဲဒါကိုရော မင်းသိရဲ့လားကွာ
ငါ့မျက်နှာ ဖူးယောင် နေတာ အခု မှပြေကာ စပဲ ရှိသေးတယ်..ငါ အပြင်ထွက်လို့မရသေးဘူး...
မင်း အလုပ်က ပွဲစားပဲကွာ... မျက်နှာလှဖို့ မှ.... မလိုတာ..


ငါ့အတွက် ကတော့...လိုတယ် ငါ့မျက်နှာကို ကြည့်ပြီး သနားလာကြမယ့် မျက်လုံးတွေကို....ပါ မလိုချင်ဘူး... အထူးသဖြင့်...မိန်း ကလေးတွေ
မင်းကိုတော့ မနိုင်ဘူး လုပ်ချင်တာ သာ... လုပ်တော့
မင်းငါ့ကိုချည်းပဲ ပြောမနေနဲ့ မင်းလည်း အလုပ်လေး ဘာလေး ရှာဦး...
ငါက အခုမှ အလုပ်ရှာတော့လည်း ဘာထူးမှာလည်း မင်းလို နေတဲ့ပိုက်ဆံကို ဘယ်လိုမှ ဖြည့်နိုင်မှာမဟုတ်ဘူး..
အေး...ငါလည်း တစ်ရက်ကို ကားသုံးစီး ရောင်းရရင်တောင်မှ.....အဲဒီ ပိုက်ဆံ ပြည့်မှာမဟုတ်ဘူး အဲဒီတော့ မင်းလည်း လုပ်..
၁၉


အရင်တုန်းကဆို မင်း...ဘယ်လို ရှာလဲ...
အဲဒီအရင်တုန်းက တစ်လအတွင်းမှာရှာတာ မဟုတ်ဘူး ဆိုတာလည်း မင်းနည်းနည်းသတိ ရဦး..
အဲဒါဆို ဒါတို့ ဘယ်လို လုပ်ကြမှာလဲ
ပူမနေစမ်းပါနဲ့ကွာ ဘိန်းရွှေကြည့် သာ တကယ် ပိုကို သတ်လိုက်ရင်...သူလည်း ထောင်ကျမှာပဲ...
အေး.. ထောင်ကျတာက နောက်...မင်း သေတာ....အရင် လေ..
ဟဲဟား ဟားဟား
၂၀